
ရွှေပါရမီ

လက်ကမ်းစာစဉ်(၁၇)

# အရှင်ဆန္ဒာစိက

ရွှေပါရမီတောရ

# ကျေးဇူးသိတတ်သော နွားကလေးနက်ချော နှင့် ဓမ္မပုံပြင်များ



GRAPHIC
NAY WINN AUNG
099061597

ဓမ္မစကား၊ နေ့တိုင်းကြားက၊ စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

. . . . . . . . . . . . . . . . သို့

အမှတ်တရဓမ္မဒါန

# သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

# အရဟံဂုဏ်တော်

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို

ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။

- - - - - - - - - - - - - - - - - - - - - - - -

စာမူခွင့်ပြုချက် – ၃၂၀၉၂၂၀၁၂

မျက်နှာဖုံးခွင့်ပြုချက် – ၃၂၀၇၆၂၀၁၂

မျက်နှာဖုံးပန်းချီ – ရွှေစိုးဟန်

အတွင်းပန်းချီ – ရွှေစိုးဟန်

<u>မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ</u>

ဦးကြင်ရွှေ(၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

<u>ထုတ်ဝေသူ</u>

တက်လမ်း ဦးရှိန်ဝင်း(၀၃၉၆၄)၊ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။

ဓမ္မဒါန



သားတို့ သမီးတို့ရေ . . .

မြတ်စွာဘုရားလက်ထက်တုန်းက ရာဇဂြိုဟ်မြို့မှာ 'ဖိုးနမော' ဆိုတဲ့ ကလေးတစ်ယောက် ရှိတယ်ကွယ့်။ ဘာလို့ သူ့ကို 'ဖိုးနမော' လို့ ခေါ်တာလဲဆိုတော့ 'နမော ဗုဒ္ဓဿ' ဆိုတဲ့ ဘုရားရှိခိုးကို ခဏခဏ ရွတ်ဆိုလို့တဲ့ကွယ်။

သွားရင်းလာရင်းနဲ့လည်း 'နမော ဗုဒ္ဓဿ' . . .၊ စားရင်းသောက်ရင်းနဲ့လည်း 'နမော ဗုဒ္ဓဿ' . . .၊ ဘာပဲလုပ်လုပ် 'နမော ဗုဒ္ဓဿ' ရွတ်ပြီးမှပဲ လုပ်သတဲ့ကွယ်။ နောက်ဆုံး ကလေးအချင်းချင်း ကစားရင်တောင်မှ 'နမော ဗုဒ္ဓဿ' ရွတ်ပြီးမှ ကစားတာတဲ့။

ဥပမာ - ဘောလုံးကန်တယ်ဆိုပါတော့။ မကန်ခင်မှာလည်း 'နမော ဗုဒ္ဓဿ' ရွတ်တယ်။ ကန်နေတုန်းမှာလည်း သူ့ဆီဘောလုံး မရောက်သေးခင် 'နမော ဗုဒ္ဓဿ' ရွတ်တယ်။ အဲဒီလို 'နမော ဗုဒ္ဓဿ' ခဏခဏရွတ်ပြီး ဘောလုံးကန်တဲ့အတွက် ဘောလုံးပွဲတိုင်းမှာ သူပါတဲ့ အသင်းကချည်းပဲ အမြဲတမ်း အနိုင်ရတယ်တဲ့။

တိပိဋကမ်း ဆော့ရင်လည်း 'နမော ဗုဒ္ဓဿ' ရွတ်ပြီး

ဆော့တာဆိုတော့ 'ဖိုးနမော' လေးပဲ အမြဲတမ်း ဂိမ်းနေတာပေါ့ကွယ်။ 'နမော ဗုဒ္ဓဿ' ဘုရားရှိခိုးရဲ့ အစွမ်းကြောင့် ဘာပဲဆော့ဆော့၊ ဖိုးနမောလေးပဲ အနိုင်ရနေတော့တာပေါ့။

ဖိုးနမောလေးရဲ့ အဖေက ထင်းရောင်းတဲ့ အလုပ် လုပ်တဲ့အတွက် တစ်နေ့တော့ ဖိုးနမောလေးလည်း သူ့အဖေနဲ့အတူ တောထဲ ထင်းရှာလိုက်သွားပါတယ်။

ထင်းတွေ လှည်းအပြည့်တင်ပြီး ပြန်အလာ မြို့အပြင်ဘက် သုသာန်(သင်္ချိုင်းကုန်း)အနီးက ရေအဆင်ပြေတဲ့ နေရာတစ်နေရာမှာ နွားတွေကို လှည်းကနေ ချွတ်၊ မြက်စားဖို့ လွှတ်ထားပြီး ဖိုးနမောလေးတို့ သားအဖ ထမင်းစားကြ၊ နားနေကြပါတယ်။

ညနေချမ်းလည်းရောက်ရော လွှတ်ထားတဲ့နွားတွေက တခြားနွားတွေနဲ့အတူ မြို့ထဲဝင်သွားကြပါလေရော။ ဖိုးနမောလေးရဲ့ အဖေ မြို့ထဲဝင်ပြီး နွားတွေလိုက်ဖမ်း၊ မိလာလို့ မြို့အပြင်ပြန်အထွက်မှာတော့ မြို့တံခါးနားမရောက်ခင်မှာပဲ မြို့တံခါးက ပိတ်သွားပါပြီ။ ဖိုးနမော

လေးရဲ့ အဖေ မြို့အပြင်ပြန်ထွက်လို့ မရတော့ဘူးပေါ့။

သူသာန်ထဲမှာ တစ်ယောက်တည်းကျန်ခဲ့တဲ့ ဖိုးနမောလေး သူ့အဖေကို စောင့်ရင်း စောင့်ရင်းနဲ့ ညဘက်ရောက်တော့ လှည်းအောက်မှာ အိပ်ပျော်သွားပါတယ်။

အဲဒီအချိန်မှာပဲ ဘီလူးနှစ်ကောင်ရောက်လာပြီး စိတ်ကောင်းရှိတဲ့ ဘီလူးက 'မစားနဲ့' လို့ တားနေတဲ့ကြားက စိတ်ကောင်းမရှိတဲ့ဘီလူးက 'ငါ့အစာပဲ၊ စားမယ်' ဆိုပြီး ဖိုးနမောလေးရဲ့ ခြေထောက်ကို စားဖို့ လှမ်းဆွဲလိုက်ပါလေရော။

ဖိုးနမောလေးလည်း နိုးနိုးချင်း 'နမော ဗုဒ္ဓဿ'လို့ ရွတ်ဆိုလိုက်ပါတယ်။ 'နမော ဗုဒ္ဓဿ' ကို အမြဲတမ်းရွတ်နေကျဆိုတော့ ခလုတ်တိုက်လို့ ယောင်တာပဲဖြစ်ဖြစ်၊ ရုတ်တရက်လန့်လို့ အော်တာပဲဖြစ်ဖြစ် 'နမော ဗုဒ္ဓဿ' ပဲလေ။

ဖိုးနမောလေး 'နမော ဗုဒ္ဓဿ' ရွတ်လိုက်တယ်ဆိုရင်ပဲ ခြေထောက်လာဆွဲတဲ့ ဘီလူးရဲ့ ခန္ဓာကိုယ်တစ်ခုလုံး ဓာတ်လိုက်သလို ကျဉ်တက်ပြီး နောက်ကို ကန်ထွက်သွားသတဲ့။ တစ်ကိုယ်လုံး ပူလောင်ပြီး တုန်လှုပ်သွားတာ

ပေါ့။ ရင်တွေလည်း တဒိန်းဒိန်းခုန်ပြီး အရမ်းကို ကြောက်ရွံ့သွားသတဲ့ကွယ်။

'မင်းကို ငါပြောတယ် မဟုတ်လား၊ ဒီကလေးဟာ ဘုရားအမြဲရှိခိုးနေတဲ့ ကလေး၊ ဘုရားဂုဏ်တော် အမြဲပွားနေတဲ့ကလေး၊ စားလို့ ဘယ်လိုမှ မရပါဘူးလို့ '

'ခုတော့ ဘယ်လိုလုပ်ကြမလဲ '

'ဘုရားသားတော်ကို ပြစ်မှားမိမှတော့ ဒဏ်ထမ်းရုံပဲ ရှိတော့တာပေါ့၊ ငါ ဒီကလေးနားမှာ စောင့်ရှောက်နေမယ်၊ မင်း မြို့ထဲဝင်ပြီး ဘုရင့်နန်းတော်ထဲက ဘုရင့်စားတော်ခွက်ကို စားစရာ အပြည့်ထည့်ပြီး ယူလာခဲ့၊ သွား . . . မြန်မြန်သွား '

ဘီလူးနှစ်ကောင်ဟာ ဖိုးနမောလေးရဲ့ မိဘအသွင် ဖန်ဆင်းပြီး ဖိုးနမောလေးကို ရှင်ဘုရင်ရဲ့ စားဖွယ်သောက်ဖွယ်တွေနဲ့ ကျွေးမွေးပြုစုကြပါတယ်။ ဖိုးနမောလေးကတော့ သူ့အဖေနဲ့ အမေလာပြီး ထမင်းကျွေးတယ်ပဲ ထင်နေတာပေါ့။ တစ်ညလုံး ဖိုးနမောလေးနားမှာ ပြုစုစောင့်ရှောက်ပြီး မနက်လင်းတာနဲ့ ဘီလူးနှစ်ကောင် ကိုယ့်

နေရာကိုယ် ပြန်သွားကြပါတယ်။

အဲဒီနေ့ မနက်မှာပဲ ရှင်ဘုရင့်နန်းတော်မှာ ဘုရင့်စားတော်ခွက် သူခိုးခိုးသွားတယ် ဆိုပြီး တစ်နန်းတော်လုံး တစ်မြို့လုံး လိုက်ရှာကြပေမယ့် မတွေ့တဲ့အတွက် နောက်ဆုံး မြို့ပြင်ထွက်ပြီး လိုက်ရှာကြတဲ့အခါ ဖိုးနမောလေးရဲ့ ထင်းလှည်းပေါ်မှာ သွားတွေ့တော့တာပေါ့။

'ဘုရင့်ရွှေခွက် ခိုးတဲ့သူခိုး၊ လာ . . . လိုက်ခဲ့ . . .' ဆိုပြီး ဖိုးနမောလေးကို ဘုရင့်နန်းတော်ဆီ ဖမ်းဆီးခေါ်ဆောင်သွားပါတယ်။

ရှင်ဘုရင့်ကို စားတော်ခွက် (ရွှေခွက်)ဆက်သလိုက်တဲ့အခါမှာတော့ တခြားသူတွေ မမြင်ရဘဲ ရှင်ဘုရင်ပဲ မြင်ရအောင် ဘီလူးနှစ်ကောင် ရွှေခွက်ပေါ်မှာ ရေးထွင်းလိုက်တဲ့ စာတွေကို ရှင်ဘုရင်ကြီး ဖတ်လိုက်ရပါတယ်။

'ဒီကလေးဟာ ရွှေခွက်ခိုးတဲ့ သူခိုး မဟုတ်ပါဘူး၊ ဘုရားအမြဲရှိခိုးတဲ့ ဘုရားသားတော်လေးပါ၊ ဒီရွှေခွက်ကို နန်းတော်ထဲကနေ ကျွန်ုပ်တို့ ဘီလူးနှစ်ကောင်ယူပြီး ဒီကလေးရဲ့ မိဘအသွင်နဲ့ ကျွေးမွေးပြုစုခဲ့ကြတာပါ၊ ဒီ

ကလေးမှာ ဘာမှ အပြစ်မရှိပါဘူး’

ရှင်ဘုရင်ကြီးလည်း အကြောင်းစုံ သိရတဲ့အခါ အံ့သြလွန်းလို့ ဖိုးနမောလေးကို သူ့ရဲ့ မိဘနှစ်ပါးနဲ့အတူ မြတ်စွာဘုရားဆီ ခေါ်ဆောင်သွားပါတယ်။

မြတ်စွာဘုရားရှင်က -

‘ဘုရား အမြဲရှိခိုးတဲ့သူ၊ ဘုရားဂုဏ်တော် အမြဲပွားတဲ့သူဟာ ဘုရားတန်ခိုး၊ ကုသိုလ်တန်ခိုးကြောင့် ဘေးရန် အန္တရာယ် ကင်းရှင်းတယ်၊ လိုအင်ဆန္ဒ ပြည့်ဝတယ်၊ အိပ်နေချိန်မှာလည်း ကောင်းကျိုးရတယ်၊ နိုးနေချိန်မှာလည်း ကောင်းကျိုးရတယ်’ လို့ ဟောကြားတော်မူလိုက်ပါတယ်။

ဖိုးနမောလေး မင်းပြစ်မင်းဒဏ် မသင့်တဲ့အပြင် တရားထူးတရားမြတ်တွေပါ ရရှိသွားသတဲ့ကွယ်။

သားတို့ သမီးတို့ရေ . . .

ဖိုးနမောလေး ဘီလူးစား မခံရတာ ဘာလို့လဲ။

ဘုရားရှိခိုးလို့။

ဖိုးနမောလေး ရှင်ဘုရင်ရဲ့ စားတော်ခွက် (ရွှေ

ခွက်)ထဲက အစားကောင်းအသောက် ကောင်းတွေ စားရတာ ဘာလို့လဲ။

ဘုရားရှိခိုးလို့။

ဖိုးနမောလေးကို ဘီလူးနှစ်ကောင်က . . မိဘအသွင် ဖန်ဆင်းပြီး အန္တရာယ်ကင်းအောင် စောင့်ရှောက်တာ ဘာလို့လဲ။

ဘုရားရှိခိုးလို့။

ဖိုးနမောလေး တရားထူး တရားမြတ်ရသွားတာ ဘာလို့လဲ။

ဘုရားရှိခိုးလို့။

ဟုတ်တယ်နော် . . . ။

ဘုရားအမြဲရှိခိုးတဲ့သူကို လူတွေကလည်း ချစ်ခင်ကြ၊ ကူညီကြသလို နတ်တွေကလည်း ချစ်ခင်ကြ၊ ကူညီကြပါတယ်။ ဘုရားအမြဲရှိခိုးရင် ရုပ်တွေလည်း ပိုလှလာမယ်။ ဉာဏ်တွေလည်း ပိုကောင်းလာမယ်။ စာတွေလည်း ပိုတော်လာလိမ့်မယ် နော်။ ကံတွေလည်း တစ်နေ့တစ်ခြား ပိုကောင်းလာပြီး ကြီးလာရင် ပိုက်ဆံအရမ်းချမ်းသာတဲ့ သူ

ငွေးကြီးတွေ၊ သူငွေးမကြီးတွေ သေချာပေါက် ဖြစ်လာမှာ ကွယ့်။

သားတို့သမီးတို့ ထမင်းစားခါနီးလည်း 'နမော ဗုဒ္ဓဿ'၊ စာကျက်ခါနီးလည်း 'နမော ဗုဒ္ဓဿ' ရွတ်ကြနော်။ အိပ်ရာဝင်လည်း 'နမော ဗုဒ္ဓဿ'၊ အိပ်ရာထလည်း 'နမော ဗုဒ္ဓဿ' ရွတ်ပြီး ဘုရားရှိခိုးကြပေါ့။ သတိရတိုင်းလည်း ခဏခဏရွတ်ကြပေါ့ကွယ်။ ရွတ်နိုင်လေ အကျိုးကြီးလေ ပါပဲ။

'နမော ဗုဒ္ဓဿ' ရွတ်ရတာ တိုတယ်ထင်ရင် သားတို့သမီးတို့ ရထားတဲ့ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ကို ရွတ်ကြပေါ့။ ပိုပြီး အကျိုးကြီး ပါတယ်။

'နမော ဗုဒ္ဓဿ' ရဲ့ အဓိပ္ပာယ်က 'မြတ်စွာဘုရားရှင်အား ရှိခိုးပါ၏' တဲ့။ အကျယ်ဆိုရင်တော့ 'သိစရာအားလုံး သိတော်မူသော မြတ်စွာဘုရားရှင်အား ရှိခိုးပါ၏' ပေါ့။

'နမော တဿ ဘဂဝတော အရဟတော သမ္မာ

သမ္ဗုဒ္ဓဿ' ရဲ့ အဓိပ္ပာယ်ကတော့ 'စိတ်ဖြူစင်၍ သိစရာ အားလုံး သိတော်မူသော ဘုန်းတန်ခိုးရှင် မြတ်စွာဘုရား အား ရှိခိုးပါ၏' တဲ့။ မြန်မာလိုပါ အရကျက်ပြီး ရှိခိုးနိုင်ရင် တော့ အကောင်းဆုံးပေါ့ကွယ်။

သားတို့သမီးတို့ အားလုံး ဘုရားအမြဲရှိခိုးတဲ့ ပညာရှိ သူတော်ကောင်းလေးတွေ ဖြစ်ကြပါစေလို့ ဘုန်းဘုန်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် . . .။

မေတ္တာဖြင့်

**ဘုန်းဘုန်း**

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

(ယဉ်ကျေးလိမ္မာဂျာနယ်၊ စက်တင်ဘာ(၁)၊ ၂၀၀၅)



သားတို့ သမီးတို့ရေ . . .

တစ်ခါတုန်းက ရွာတစ်ရွာမှာ 'နက်ချော' ဆိုတဲ့ နွားကလေးတစ်ကောင် ရှိသတဲ့။ တစ်ကိုယ်လုံး မည်းနက်ပြောင်ချောနေလို့ 'နက်ချော' လို့ ခေါ်တာဆိုပဲ။

သူ့ကို မွေးမြူထားတဲ့ အဘွားအိုက နက်ချောကို သားအရင်းတစ်ယောက်လို အရမ်းချစ်တာမို့ ကောက်ရိုးတွေ၊ မြက်တွေတောင် မကျွေးဘဲ ယာဂု၊ ထမင်း၊ ဖွဲနု၊ ပဲ၊ ပြောင်း စတဲ့ အစားကောင်း အသောက်ကောင်းတွေပဲ ကျွေးပါတယ်။ ရေမှန်မှန် ချိုးပေးပြီး အမိုးအကာကောင်းတဲ့ နွားအိမ်လေးထဲမှာ ချမ်းချမ်းသာသာ ထားပါတယ်။

ရွာထဲက ကလေးတွေက နွားကလေး နက်ချောကို သိပ်ချစ်ကြတာပေါ့။ နက်ချောကိုများ မတွေ့လိုက်နဲ့၊ တွေ့တာနဲ့ တချို့ကလေးတွေက ကျောပေါ်တက်စီး၊ တချို့ကလေးတွေက အမြီးကိုင်ဆွဲ၊ တချို့ကလေးတွေက ဦးချိုပွတ်သပ်နဲ့ ပျော်လိုက်ကြတာ အရမ်းပါပဲ။ ရွာထဲကကလေးတွေအားလုံးဟာ နွားကလေး နက်ချောရဲ့ ကစားဖော်ကစားဖက် ဘော်ဒါတွေချည်းပဲတဲ့ကွယ်။

တဖြည်းဖြည်း အရွယ်ရောက်ကြီးပြင်းလာတဲ့ နွား ကလေး နက်ချော့ဟာ အာဇာနည် နွားလားဥသဘမျိုး ဖြစ်တဲ့အတွက် သန်သန်မာမာ ထွားထွားကျိုင်းကျိုင်းနဲ့ တခြားနွားတွေထက် ခွန်အားဗလ ကြီးမားလာတာပေါ့။

နွားကလေး နက်ချော့ဟာ သူ့ကို သားအရင်း တစ်ယောက်လို ပြုစုတဲ့ အဘွားအိုကို အရမ်းလည်းချစ်၊ အရမ်းလည်း ကျေးဇူးတင်တယ်တဲ့။

'ငါ့အမေဟာ ငါ့အပေါ်မှာ အရမ်းကျေးဇူးကြီး မားတယ်. . .။ ငါ့ကို အရမ်းချစ်ပြီး အရမ်းဂရုစိုက်တယ် . . .။ ဆင်းရဲတဲ့ကြားထဲက ငါ့ကို သားအရင်း တစ် ယောက်လို ကောင်းကောင်းကျွေး၊ ကောင်းကောင်းထား တယ်. . .။ တစ်နေ့ကျရင် ငါ့အမေကို ငါ ကောင်းကောင်း ကျေးဇူးပြန်ဆပ်မယ် . . .။ အမေ မပင်မပန်းနဲ့ ချမ်းချမ်း သာသာ နေစေရမယ်'

အမေတစ်ယောက်ရဲ့ မေတ္တာမျိုးနဲ့ ကျွေးမွေးပြုစု ခဲ့တဲ့ အဘွားအိုကို အမေ့ကျေးဇူးဆပ်ဖို့ နွားကလေး နက် ချော အမြဲတွေးတောနေသတဲ့။

— — — — —

တစ်နေ့တော့ . . . နက်ချောနဲ့ ကလေးတစ်အုပ် ရွာအပြင်ဘက်က မြစ်ဆိပ်တစ်ခုကို ဆော့ကစားရင်း အသွား . . . လှည်းကုန်သည်တစ်ဦး လှည်းငါးရာနဲ့ မြစ်ဆိပ်မှာ ဒုက္ခရောက်နေတာ တွေ့လိုက်ရပါတယ်။ ရွှံ့ညွှန်ထဲမှာ ကျွံနစ်နေတဲ့ လှည်းတွေကို ဘယ်နွားကမှ ကုန်းပေါ် ရောက်အောင် မဆွဲတင်နိုင်လို့တဲ့ကွယ်။ နွားတစ်ထောင် ပေါင်းပြီး လှည်းတစ်စီးကို ဆွဲတင်တာတောင် လှည်းက လုံးဝ မလှုပ်ဘူးတဲ့။

နက်ချောကိုလည်း မြင်ရော လှည်းကုန်သည်က . . .

'ကလေးတို့ . . .၊ ကလေးတို့ရဲ့ နွားက ခွန်အားဗလ အရမ်းကောင်းတာပဲ . . .၊ ရွှံ့ညွှန်ထဲမှာ နစ်နေတဲ့ ဦးရဲ့ လှည်းတွေကို ဒီနွားနဲ့ ဆွဲတင်ပါရစေ . . .၊ နွားပိုင်ရှင်ကို ပြောပေးပါကွယ်'

'ဟာ . . . မရဘူးဗျာ့ . . .၊ ဒီနွားက အဘွားအိုတစ်ယောက် တယုတယ မွေးထားတာ . . .၊ ခိုင်းနွားမဟုတ်ဘူး . . .၊ သူ့သခင်က သူ့ကို ဘာအလုပ်မှ ခိုင်းတာ

မဟုတ်ဘူး . . .၊ ပြောပေးလို့ရမှာ မဟုတ်ပါဘူးဗျာ’

‘ဦးက အလကား မခိုင်းပါဘူးကွယ် . . .၊ တန်ရာတန်ကြေး ပေးမှာပါ . . .၊ ပိုက်ဆံပေးမှာပါကွဲ့’

‘ပိုက်ဆံပေးမယ်’ လည်း ကြားရော၊ နွားကလေးနက်ချော ရှေ့ဆုံးလှည်းရဲ့ ရှေ့မှာ သွားရပ်နေလိုက်သတဲ့။

‘ဒီနေ့တော့ ငါ့အမေကျေးဇူး ငါ ဆပ်ခွင့်ရတော့မယ် . . .၊ ငါ့အမေကို ဒီပိုက်ဆံတွေ ပေးလိုက်ရင် ငါ့အမေ မပင်ပန်းတော့ဘူး . . .၊ ငါ့အမေ မဆင်းရဲတော့ဘူး . . .၊ ငါ့အမေ ဒီနေ့ကစပြီး ချမ်းသာပြီ’

လို့ တွေးရင်း နက်ချော အရမ်းပျော်နေသတဲ့ကွယ်။

လှည်းကုန်သည်က ကြိုးတစ်စကို လှည်းမှာချည်၊ ကြိုးတစ်စကို နက်ချောရဲ့ လည်ပင်းမှာ ချည်ပြီး ဆွဲတင်ခိုင်းပေမယ့် နက်ချောက လုံးဝ မလှုပ်ဘဲ ဒီအတိုင်း ပေပြီး ရပ်နေသတဲ့။ ဆွဲတင်ခ ဘယ်လောက်ပေးမယ်ဆိုတာ မပြောသေးလို့တဲ့ကွယ်။ နက်ချောက အလာကြီးပဲနော်။ နွားဆိုပြီး လျှော့မတွက်လိုက်နဲ့ . . .၊ ဈေးစကား အရင်ပြော

ပြီးမှ အလုပ်လုပ်မှာတဲ့။

'စိတ်မရှိပါနဲ့ မိတ်ဆွေကြီး ကိုနက်ချော . . .၊ လှည်းငါးရာကို ခင်ဗျား ဆွဲတင်ပြီးရင် . . . လှည်းတစ်စီးကို အသပြာနှစ်ချပ် (နှစ်ဒေါ်လာ) နှုန်းနဲ့ အသပြာ အချပ်တစ်ထောင် (ဒေါ်လာတစ်ထောင်) ခင်ဗျားကို ကျပ်ပေးပါ့မယ်'

အဲဒီလို ကြေးဖြတ်လိုက်တော့မှ နွားကလေး နက်ချောက လှည်းငါးရာကို တစ်စီးပြီးတစ်စီး ကုန်းပေါ် (မြေမာလမ်းပေါ်) ရောက်အောင် ဆွဲတင်ပေးလိုက်သတဲ့။ ခွန်အားဗလ ကြီးမားတော့လည်း အလွယ်တကူ ဆွဲတင်ပေးနိုင်တာပေါ့။

ဆွဲတင်ပေးပြီးပြီးချင်း လှည်းကုန်သည်နားမှာ နက်ချော သွားရပ်ပါတယ်။ 'ပေး . . . ပိုက်ဆံ' ဆိုတဲ့ သဘောပေါ့။ အသပြာတစ်ထောင်ပေးရမှာ နှမြောတဲ့ လှည်းကုန်သည်က အသပြာငါးရာကိုပဲ အိတ်တစ်လုံးနဲ့ ထုပ်ပြီး နွားကလေး နက်ချောရဲ့ လည်ပင်းမှာ ချိတ်ဆွဲပေးလိုက်သတဲ့။

'ဒီလူ တော်တော် ကောက်ကျစ်တာပဲ . . .၊ ပြော ထားတဲ့ ဈေးအတိုင်းလည်း မပေးဘူး . . .၊ ဒီလိုလုပ်လို့ ဘယ်ရမလဲ'

ဆိုပြီး တန်းစီရပ်ထားတဲ့ လှည်းငါးရာရဲ့ ရှေ့က နေ နက်ချော သွားပိတ်ရပ်နေလိုက်တဲ့အတွက် လှည်းတစ် စီးမှ ထွက်လို့ မရတော့ဘူး ဖြစ်သွားပါတယ်။ ဘယ်လိုပဲ အော်ဟစ်ပြီး ခြောက်ခြောက်၊ ဘယ်လိုပဲ ဖယ်ထုတ်ပြီး တွန်းတွန်း နက်ချောက လုံးဝ မလှုပ်ဘဲ ငြိမ်ပြီး ပေရပ်နေ တဲ့အတွက် လှည်းကုန်သည်လည်း လက်လျှော့ပြီး အသပြာ တစ်ထောင်ထုပ်ကို နက်ချောရဲ့ လည်ပင်းမှာ ချိတ်ဆွဲပေး လိုက်ရသတဲ့။

'ဆောရီးပဲဗျာ . . .၊ ရော့ - တစ်ထောင်'

အသပြာတစ်ထောင် ရတယ်ဆိုရင်ပဲ နွားကလေး နက်ချော ဝမ်းမြောက်ဝမ်းသာနဲ့ အမြီးကလေးထောင်ပြီး သူ့မိခင် အဘွားအိုဆီ ခုန်ပေါက်ပြေးသွားသတဲ့။ ကလေး တွေကလည်း နောက်ကနေ တပျော်တပါးကြီး အော်ဟစ် လိုက်သွားကြတာပေါ့။ သူ့ပိုက်ဆံ လုယူမှာစိုးလို့ ကလေး

တွေကို နက်ချောက အနားကပ်မခံဘဲ ခြောက်ထုတ်ပြီး ဒုန်းစိုင်း ပြေးတာတဲ့ကွယ်။

ဆူဆူညံညံ အသံကြားလို့ အဘွားအို အိမ်အပြင် ထွက်ကြည့်လိုက်တဲ့အခါမှာတော့ . . .

'အမယ်လေး သားလေးရယ် . . .၊ ချွေးတွေသံတွေ ရွှဲနစ်နေလို့ပါလား . . .၊ မျက်လုံးတွေကလည်း နီရဲနေတာပဲ . . .၊ ဘာတွေများ ပင်ပင်ပန်းပန်း သွားလုပ်လာခဲ့တာလဲကွယ် . . .'

'ကလေးတို့ရေ . . . ဟဲ့ . . . ကလေးတို့ . . .၊ အဘွားကို ပြောကြစမ်းပါဦး . . .၊ အဘွားသားလေး ဘာတွေဖြစ်လာခဲ့တာလဲ . . .၊ အဘွား ရင်တုန်ပန်းတုန် ရှိလိုက်တာကွယ်'

ကလေးတွေ ပြန်ပြောပြလို့ အကြောင်းစုံ သိလိုက်ရတဲ့အခါမှာတော့ အဘွားအိုလည်း မျက်ရည်တွေ စီးကျလာတာပေါ့။ နွားကလေး နက်ချောရဲ့ လည်ပင်းကို ချစ်ခင်ကြင်နာစွာ တယုတယ ပွေ့ဖက်ထားပြီး . . .

'သားလေးရယ် . . .၊ နောက်ကို ဒီလို အပင်ပန်း



F-4B

မခံပါနဲ့တော့ကွယ် . . .၊ အမေ့သားလေး ကျေးဇူးသိတတ်တာ လူသာမန်တွေထက်တောင် ပိုပါတယ် . . .၊ သားလေးပေးတဲ့ ပိုက်ဆံနဲ့ အမေ တစ်သက်လုံး ချမ်းချမ်းသာသာ နေနိုင်ပါပြီ . . .၊ အမေ့အတွက် သားလေး ဘာမှ စိတ်မပူနဲ့တော့နော်'

နွားကလေး နက်ချောကလည်း . . .

'ဝမ်းသာလိုက်တာ . . .၊ အခုမှပဲ ငါ့အမေရဲ့ ကျေးဇူးကို ငါဆပ်ခွင့်ရတော့တယ်'

လို့ တစိမ့်စိမ့်တွေးပြီး အဘွားအိုရဲ့ လက်ကို လျှာလေးနဲ့ တယုတယ ပြန်လျက်ပေးနေလိုက်သတဲ့ကွယ်. . .။

သားတို့သမီးတို့ရေ . . .

ကျေးဇူးတရားဆိုတာ မေ့ပစ်သင့်တဲ့အရာမဟုတ်ဘူး . . .၊ အမြဲသတိရနေသင့်တဲ့အရာကွယ့်။ သတိရနေရုံနဲ့လည်း မပြီးသေးဘူး . . .၊ တုံ့ပြန်သင့်တဲ့အချိန် ကျေးဇူးတုံ့ပြန်ရဦးမယ် . . . နော်။

စိတ်ထားကောင်းမြတ်တဲ့သူတွေဟာ ကိုယ့်အပေါ် ရှိခဲ့ဖူးတဲ့ သူတစ်ပါးရဲ့ ကျေးဇူးတရားကို သိလည်း

သိ၊ တုံ့လည်း တုံ့ပြန်တတ်ကြပါတယ်။ စိတ်ထားယုတ်ညံ့တဲ့ သူတွေကတော့ သိလည်း မသိ၊ တုံ့လည်း မတုံ့ပြန်တတ်ကြပါဘူး။

သားတို့သမီးတို့ရဲ့ ဘဝမှာ ဘယ်လိုမှ ရှောင်လွှဲလို့ မရတဲ့ အနီးကပ်ကျေးဇူးရှင်တွေကတော့ သားတို့သမီးတို့ရဲ့ ဖေဖေနဲ့ မေမေပါပဲ။

ဖေဖေနဲ့ မေမေကသာ ထမင်းကျွေးမထားရင် သားတို့သမီးတို့ သေတာကြာလှပြီပေါ့။ မသေဘူးပဲထား . . . ခုလောက်ဆို လူတကာဆီ လက်ဖြန့်တောင်းစားရတဲ့ သူတောင်းစား ဖြစ်နေမှာ သေချာပါတယ်။

ဖေဖေနဲ့ မေမေကသာ အဝတ်အစား ဆင်မပေးရင် သားတို့သမီးတို့ ကိုယ်တုံးလုံးလေးနဲ့ ရှက်စရာကြီး ဖြစ်နေမှာပေါ့။ အေးတဲ့ဒဏ်၊ ပူတဲ့ဒဏ်တွေ အလူးအလဲ ခံရမယ့်အပြင် အသားတွေလည်း မည်းတူးနေမှာ မလွဲပါဘူး။

ဖေဖေနဲ့ မေမေကသာ ကျောင်းထားမပေးရင် သားတို့သမီးတို့ ဘာစာမှ မတတ်၊ ဘာပညာမှ မတတ်ဘဲ

တိုးတအလေးတွေ ဖြစ်နေမှာပေါ့။ ပညာမတတ်၊ စာမတတ်ရင် လူတကာခိုင်းတာ လုပ်ပြီး ဆင်းဆင်းရဲရဲ အသက်မွေးရမယ် . . .၊ လူတကာရဲ့ အနှိမ်ခံရမယ်ကွယ့်။

ဖေဖေနဲ့ မေမေကသာ အိမ်မှာ နေခွင့်မပေးရင် သားတို့ သမီးတို့ လမ်းဘေးမှာပဲနေ၊ လမ်းဘေးမှာပဲ အိပ်နဲ့ ဘယ်လောက်ဒုက္ခ ရောက်ရမလဲ။

ကျေးဇူးကြီးမားလှတဲ့ ဖေဖေနဲ့ မေမေကို သားတို့ သမီးတို့က စိတ်ဆင်းရဲအောင် မလုပ်ဘူးဆိုရင် မိဘကျေးဇူးဆပ်တာပါပဲ။ ကျောင်းမှန်မှန်တက်တာ၊ စာမှန်မှန်ကျက်တာ၊ ကိုယ်တတ်နိုင်သလောက် မိဘအလုပ် ကူလုပ်ပေးတာ၊ မိဘပြောစကား နားထောင်တာ၊ မိဘကို အညောင်းအညာပြေအောင် နှိပ်နယ်ပေးတာ၊ မိဘရဲ့ လုံချည်အကျီ လျှော်ဖွပ်ပေးတာ၊ တစ်ခါတစ်ရံ ကိုယ့်မုန့်ဖိုးလေးနဲ့ မိဘကို မုန့်ဝယ်ကျွေးတာ . . .၊ ဒါတွေအားလုံးဟာ မိဘကျေးဇူးဆပ်တာတွေချည်းပါပဲ။

တိရစ္ဆာန်ဖြစ်တဲ့ နွားကလေးနက်ချောတောင် မိခင်ကျေးဇူး သိတတ်သေးရင် လူဖြစ်တဲ့ သားတို့သမီးတို့

က မိဘကျေးဇူးကို ပိုပြီး သိတတ်ရမှာပေါ့။ ကိုယ့်အရွယ်နဲ့ လိုက်ဖက်တဲ့ ကျေးဇူးဆပ်နည်းနဲ့လည်း ကျေးဇူးဆပ်ကြရမှာပေါ့ကွယ်။

သားတို့သမီးတို့အားလုံး မိဘကျေးဇူးကို သိလည်း သိ၊ ဆပ်လည်း ဆပ်တဲ့ ပညာရှိသူတော်ကောင်းလေးတွေ ဖြစ်ကြပါစေ . . . လို့ ဘုန်းဘုန်း ဆုမွန်ကောင်းတောင်း လိုက်ပါတယ် . . .။ ။

မေတ္တာဖြင့်
**ဘုန်းဘုန်း**
**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**
(ယဉ်ကျေးလိမ္မာဂျာနယ်၊ အောက်တိုဘာ(၁)၊ ၂၀၀၅)



သားတို့ သမီးတို့ရေ . . .

တစ်ခါတုန်းက တောအုပ်တစ်ခုရဲ့ မြစ်ကမ်းနံဘေးမှာ ရသေ့ညီနောင်နှစ်ပါး တစ်ပါးကျောင်းလေးတွေနဲ့ တရားအားထုတ်နေကြသတဲ့။ နောင်တော်ရသေ့က မြစ်ရဲ့အထက်ပိုင်း၊ ညီတော်ရသေ့က မြစ်ရဲ့အောက်ပိုင်းမှာ သစ်ရွက်မိုး၊ သစ်ရွက်ကာ ကျောင်းတစ်လုံးစီ ဆောက်ပြီး သီးခြားနေထိုင်ကြတာပေါ့။ တစ်လမှ တစ်ကြိမ်ပဲ အတူဆုံတွေ့ကြသတဲ့ကွယ်။

တစ်နေ့တော့ ညီတော်ရသေ့ဆီကို သိပ်ချောပြီး သိပ်ချစ်စရာကောင်းတဲ့ လူငယ်လေးတစ်ယောက် ရောက်လာသတဲ့။

အဲဒီလူငယ်လေးက လူသားအစစ် မဟုတ်ဘူးကွယ့် . . .၊ နဂါး . . .။ နဂါးတောင်မှ ရိုးရိုးနဂါး မဟုတ်ဘူး၊ နဂါးမင်း . . . တဲ့။ မြစ်ထဲမှာနေတဲ့ နဂါးမင်းက လူယောင်ဖန်ဆင်းပြီး မြစ်ကမ်းက သဲသောင်မှာ လမ်းလျှောက်ထွက်ရင်းနဲ့ ညီတော်ရသေ့ရဲ့ ကျောင်းသခ်မ်းဆီ ရောက်လာတာပေါ့။

ရသေ့လေးကို ရှိခိုးပြီး အပြန်အလှန် စကားစမြည် ပြောဆိုရင်း မိတ်ဆွေဖွဲ့လိုက်တဲ့အခါ . . . ရှေးရေစက်ကြောင့် တစ်ယောက်နဲ့ တစ်ယောက် အရမ်းကို ချစ်ခင်ရင်းနှီးသွားကြသတဲ့။ ရသေ့လေးနဲ့ လူငယ်လေးက သက်တူ ရွယ်တူချင်းလည်း ဖြစ်နေတော့ ခဏလေးနဲ့ ဘော်ဒါဖြစ်သွားကြတာပေါ့။

ရသေ့လေးကို အရမ်းချစ်တဲ့ နဂါးမင်းဟာ နေ့တိုင်းလိုလို လူငယ်လေးအသွင်နဲ့ ရောက်ရောက်လာတတ်ပါတယ်။ ရသေ့လေးကလည်း လူငယ်လေးကို နေ့တိုင်းမျှော်နေတာပါပဲ။ လူငယ်လေး ရောက်မလာတဲ့နေ့တွေဆို တစ်ခုခု လိုနေသလို . . . ရင်ထဲမှာ ဟာတာတာကြီးကို ဖြစ်လို့ . . . ။ တစ်ယောက်နဲ့တစ်ယောက် တစ်နေ့ မမြင်ရရင် မနေနိုင်လောက်အောင်ကို သံယောဇဉ်တွေ တွယ်ပြီး အရမ်းချစ်နေကြတာပေါ့။

သိပ်ချစ်လွန်းလာရင် စချင် နောက်ချင်တဲ့စိတ်တွေ ဖြစ်လာတတ်သလို ထိတွေ့ချင် ပွေ့ဖက်ချင်တဲ့ စိတ်တွေလည်း ဖြစ်လာတတ်တာမို့ ရသေ့လေးကို သိပ်ချစ်တဲ့

နဂါးမင်းဟာ နောက်ပိုင်းမှာ ပြန်ခါနီးတိုင်း လူငယ်လေး အသွင် ဖန်ဆင်းထားတာကို ဖျောက်ပြီး နဂိုမူလ နဂါး အသွင်နဲ့ ရသေ့လေးကို ရစ်ပတ်ဖွဲ့ခွေထားသတဲ့။

နဂါးကိုယ်ထည်ကြီးနဲ့ ရသေ့လေးကိုယ်ကို တစ်ခွေ ပြီး တစ်ခွေ ရစ်ပတ်၊ ပါးပျဉ်းကြီးနဲ့ ရသေ့လေး ဦးခေါင်း ပေါ် အုပ်မိုးထား၊ အားရအောင် ပွေ့ဖက်နမ်းရှုပ် နှုတ် ဆက်ပြီးပြီဆိုတော့မှ အခွေကို ဖြေ၊ ရသေ့လေးကို ရှိခိုးပြီး နဂါးပြည်ကို ပြန်သွားပါတယ်။

နဂါးမင်းက ချစ်လို့ စတယ်၊ ချစ်လို့ ပွေ့ဖက်တယ် ဆိုပေမယ့် ရသေ့လေးကတော့ အရမ်းကြောက်တာပေ့ါ။ နဂါးဆိုတာ မြွေလို အကောင်မျိုးပဲမို့ ပူနွေးနွေး၊ ပျော့စိစိ အခွေကြီးနဲ့ တစ်ထပ်ပြီး တစ်ထပ် ရစ်ပတ်ထားတာ ဘယ် လောက် အသည်းယားဖို့ကောင်းလဲ . . .။ အခု ဖတ်နေ ရင်း (နားထောင်နေရင်း)နဲ့တောင် သားတို့သမီးတို့ ကြက် သီးထနေပြီ မဟုတ်လား . . .။

နဂါးအခွေနဲ့ ခဏခဏ ရစ်ပတ်ခံရတဲ့ ရသေ့ လေးဟာ ကြာတော့ ကြောက်စိတ်တွေ လွှန်ကဲပြီး မစားနိုင်၊

မအိပ်နိုင် တမှိုင်မှိုင် ဖြစ်လာပါတယ်။ အစားပျက်၊ အအိပ် ပျက်တဲ့ရက်တွေ များလာတဲ့အခါ အားနည်းချည့်နဲ့ပြီး ညှိုး နွမ်းပိန်ချုံးလာတာပေါ့။ အသားအရေတွေ ခြောက်ကပ်၊ အကြောတွေ ပြိုင်းပြိုင်းထပြီး ရုပ်အဆင်း သိသိသာသာ ပျက်စီးလာပါတယ်။

နောင်တော်ရသေ့ အကြောင်းစုံ သိသွားတဲ့အခါ မှာတော့ . . .

'ညီတော် . . .၊ အဲဒီနဂါး ညီတော့်ဆီ နောက် လာသေးလား'

'မလာစေချင်တော့ပါဘူး နောင်တော် . . .၊ ဒီလို သာ ရှေ့ဆက်လာနေဦးမယ်ဆိုရင် ညီတော် မကြာခင် သေရပါလိမ့်မယ်'

'ဒါဆို ဒီလိုလုပ်ပါ . . .၊ ညီတော့်ဆီ သူလာတဲ့ အခါ သူဘာဝတ်ဆင်လာသလဲ'

'လည်ပင်းမှာ ပတ္တမြားရတနာ ဝတ်ဆင်လာပါ တယ်'

'ဟုတ်ပြီ . . .၊ နောက်တစ်ခေါက် ညီတော့်ဆီ

သူလာရင် အဲဒီပတ္တမြား ပေးဖို့ တောင်းပေတော့ . . .၊ လောကမှာ ကိုယ်အနှစ်သက်ဆုံးပစ္စည်းကို ဘယ်သူကမှ သူများတောင်းတာ မကြိုက်ဘူး . . .၊ တောင်းပါများရင် တောင်းတဲ့သူကို မုန်းတော့တာပဲ'

'သူ့ပတ္တမြား တောင်းရင် သူ့အခွေကြီးနဲ့ ညီတော့်ကို မရစ်ပတ်တော့ဘူးပေါ့နော်'

'ဘယ်ရစ်ပတ်ပါတော့မလဲ ညီတော်ရယ် . . .၊ လောကမှာ ကိုယ်အနှစ်သက်ဆုံးပစ္စည်း မပြောနဲ့ . . .၊ ရိုးရိုးပစ္စည်းတောင်မှ တောင်းပါများရင် တောင်းတဲ့သူကို မုန်းတတ်တာ သဘာဝပဲ . . .၊ အတောင်းအရမ်းထူတဲ့သူကို ဘယ်သူကမှ ရေရှည်မချစ်ဘူး ညီတော်ရဲ့ . . .၊ အဲဒီပတ္တမြားကိုသာ ညီတော် မရရအောင်တောင်း . . .၊ ညီတော့်ဆီ အဲဒီနဂါး နောက်လုံးဝ မလာစေရဘူး . . .၊ စိတ်ချ'

နောက်တစ်နေ့ နဂါးမင်း ရောက်လာတဲ့အခါမှာတော့ ကျောင်းသင်္ခမ်းထဲ ဝင်ဝင်ချင်း ကြမ်းပြင်ပေါ် မထိုင်ခင်မှာပဲ . . .

'မိတ်ဆွေနဂါးမင်း . . .၊ မိတ်ဆွေ ကျွန်ုပ်ကို အရမ်းချစ်တဲ့အတွက် ကျွန်ုပ် အရမ်းဝမ်းသာပါတယ် . . .၊ ကျွန်ုပ်ကလည်း မိတ်ဆွေကို အရမ်းချစ်ပါတယ် . . .၊ မိတ်ဆွေမလာတဲ့နေ့တွေဆို အရမ်း သတိရပြီး အရမ်းလွမ်းတာပဲ . . .၊ ဒါ့ကြောင့် . . . မိတ်ဆွေနဲ့ မတွေ့ရတဲ့အချိန်တွေမှာ အလွမ်းပြေ အမှတ်တရကြည့်ဖို့ မိတ်ဆွေရဲ့ လည်ပင်းက ပတ္တမြားလည်ဆွဲလေး ကျွန်ုပ်ကို လက်ဆောင်ပေးခဲ့ပါလား'

'အို . . .'

မမျှော်လင့်တဲ့စကား ကြားလိုက်ရတဲ့အတွက် နဂါးမင်း အံ့သြတုန်လှုပ်သွားပါတယ်။ စကားပြောဖို့ ဝေးလို့ . . . ထိုင်တောင် မထိုင်တော့ဘဲ တစ်ချိုးတည်း ပြန်လစ်ပြေးသွားပါတယ်။

နောက်တစ်ခေါက် ရောက်လာတဲ့ အခါမှာတော့ ကျောင်းသခ်မ်းထဲ မဝင်ခင် ကျောင်းတံခါးဝ အပြင်ဘက် မြေပြင်ပေါ်မှာ မတ်တတ်ရပ်နေတုန်း တောင်းလိုက်ပါတယ်။ ကျောင်းထဲတောင် မဝင်တော့ဘဲ နဂါးမင်း ပြေးပါ

လေရော။

နောက်တစ်ခေါက်မှာတော့ ကျောင်းနားရောက် အောင်တောင် မစောင့်တော့ဘဲ မြစ်ကမ်းစပ်အထိ သွားပြီး မြစ်ရေပြင်ပေါ် နဂါးမင်းပေါ်လာတာနဲ့ တစ်ပြိုင်နက်. . .

'မိတ်ဆွေနဂါးမင်း . . .၊ ဒီတစ်ခေါက် အလာကြဲ လိုက်တာ . . . မတွေ့ရတာတောင် အတော်ကြာသွားပြီ . .၊ မိတ်ဆွေကို အလွမ်းဖြေချင်လို့ မိတ်ဆွေရဲ့ ကိုယ်စား ပတ္တမြားလည်ဆွဲလေး အမှတ်တရ တောင်းတာလည်း ခုထိ မပေးသေးဘူး . . .၊ ဒီနေ့တော့ ပေးဖြစ်အောင် ပေးခဲ့ပါ နော် . . .၊ အို . . . ပေးဆို . . . ခုသာ တစ်ခါတည်း ပေးလိုက်ပါတော့'

နဂါးမင်းလည်း ရေပေါ်မှာ မတ်တတ်ရပ်ရင်းနဲ့ပဲ . . .

'မိတ်ဆွေရသေ့ . . .၊ ဒီပတ္တမြားဟာ ကျွန်ုပ်ဘဝ ရဲ့ အဓိက အသက်ပဲ . . .၊ ကျွန်ုပ်ရဲ့ အသည်းနှလုံးဆို လည်း ဟုတ်တယ် . . .၊ ဒီပတ္တမြားကြောင့်ပဲ ကြီးကျယ် ခမ်းနားတဲ့ စည်းစိမ်ချမ်းသာတွေ ကျွန်ုပ် ခံစားနေရတာ

. . . ၊ စားကောင်းသောက်ဖွယ်တွေလည်း ဒီပတ္တမြား ကြောင့် ရတာ . . . ၊ ဝတ်ကောင်းစားလှတွေလည်း ဒီ ပတ္တမြားကြောင့် ရတာ’

‘သင်ဟာ တော်တော့်ကို အတောင်းအရမ်းထူတဲ့ သူပဲ . . . ၊ ပြီးတော့ . . . ကျွန်ုပ်အနှစ်သက်ဆုံးပစ္စည်းကို မှ သင်က တောင်းတယ် . . . ၊ သင့်ကို တွေ့ရတာဟာ ကျောက်တုံးပေါ်မှာ ဆီနဲ့ အသွား မြမြထက်အောင် သွေး ထားတဲ့ ဓားကို ကိုင်ပြီး သတ်ပစ်ဖို့ ခြိမ်းခြောက်နေတဲ့ လူသတ်သမား လူငယ်လေးတစ်ယောက်ကို တွေ့နေရသ လို ခံစားရတယ်’

‘သင့်ကို ကျွန်ုပ်ရဲ့ ပတ္တမြား လုံးဝ မပေးနိုင်ဘူး . . . ၊ ပြီးတော့ . . . သင့်ဆီကိုလည်း ကျွန်ုပ်နောက်ကို ဘယ်တော့မှ မလာတော့ဘူး . . . ၊ သင်နဲ့ကျွန်ုပ် ဒီတစ် သက် လုံးဝ အပြတ်ပဲ’

လမ်းခွဲစကား ပြောပြီးပြီးချင်း ရေထဲငုပ်ပြီး နဂါး ပြည် ပြန်သွားတဲ့ နဂါးမင်း . . . အဲဒီနေ့ အဲဒီအချိန်က စပြီး ရသေ့လေးဆီကို နောင်ဘယ်တော့မှ မလာတော့ဘူး

— — — — —

တဲ့ကွယ် . . .။

သားတို့ သမီးတို့ရေ . . .

တောင်းတဲ့သူဟာ ငိုတဲ့သူနဲ့ အတူတူပဲ . . . တဲ့။ တောင်းပါလျက်နဲ့ မပေးတဲ့သူဟာလည်း ငိုတဲ့သူနဲ့ အတူတူပဲ . . . တဲ့။ ငိုတဲ့သူတွေနေတဲ့လောက ဘယ်လိုလုပ် လှပနိုင်ပါတော့မလဲ . . .။

တောင်းတဲ့သူဟာ မုန်းစရာကောင်းတယ် . . . တဲ့။ တောင်းပါလျက်နဲ့ မပေးတဲ့သူဟာလည်း မုန်းစရာကောင်းတယ် . . . တဲ့။ မုန်းစရာကောင်းတဲ့သူတွေနေတဲ့ လောက ဘယ်လိုလုပ် လှပနိုင်ပါတော့မလဲ သားတို့ သမီးတို့ရယ် . . .။

ဂျီကျပြီး ငိုနေတဲ့ကလေးနဲ့ ဂျီမကျဘဲ ပြုံးနေတဲ့ ကလေး . . . ဘယ်ကလေးကို မုန်းပြီး ဘယ်ကလေးကို ချစ်ကြမလဲ . . .။ ဂျီကျပြီး ငိုနေတဲ့ကလေးကို မုန်းပြီး ဂျီမကျဘဲ ပြုံးနေတဲ့ကလေးကို ချစ်ကြမှာပေါ့ . . .။

သားတို့သမီးတို့ သူများမုန်းတာ ကြိုက်လား . . . သူများချစ်တာ ကြိုက်လား . . .။

သူများချစ်တာ ကြိုက်တယ်ဆိုရင် ဂျီမကျကြနဲ့ . . .၊ ဟိုဟာ ပူဆာ၊ ဒီဟာပူဆာ . . . သိပ်မပူဆာကြနဲ့ . . .၊ ဟိုဟာတောင်း၊ ဒီဟာတောင်း . . . သိပ်မတောင်းကြနဲ့နော် . . .။ 'တောင်းလွန်းရင် မုန်းတတ်တယ်' ဆိုတာကို ရသေ့လေးနဲ့ နဂါးမင်း အဖြစ်အပျက်က သက်သေပြနေပြီ မဟုတ်လား . . .။

တောင်းပါများလွန်းရင် ကိုယ့်ကို အချစ်ဆုံးပါဆိုတဲ့ မိဘအရင်းတောင်မှ မချစ်တော့ဘဲ မုန်းသွားတတ်တယ်ကွယ့် . . .။ မမုန်းတောင်မှ သိပ်မပေးချင် . . .၊ သိပ် မကျွေးချင်တော့ဘူးပေါ့ . . .။ စေတနာပျက်သွားတာလေကွယ် . . .။ မိဘအရင်းကတောင် စေတနာပျက်သွားတတ်မှတော့ တခြားသူဆို ပြောမနေနဲ့တော့ပေါ့ . . .။

သားတို့ သမီးတို့မှာ ကိုယ်ပိုင်ဝင်ငွေ မရှိသေးတော့ ကိုယ်လိုချင်တာလေးတွေကို မိဘဆီက၊ ဒါမှမဟုတ် ဦးဦး၊ ဒေါ်ဒေါ်၊ ဘိုးဘိုး၊ ဘွားဘွားတို့ဆီကပဲ တောင်းနေရဦးမှာပါပဲ . . .။ ဒါပေမဲ့ . . . ဇွတ်မတောင်းနဲ့ . . .၊

အတင်းအဓမ္မ မတောင်းနဲ့ . . .၊ နားပူတိုက် ဂျီကျ မတောင်းနဲ့။ အဲလိုတောင်းရင် အမြင်ကပ်ပြီးမပေးချင်ဘဲ ဖြစ်သွားလိမ့်မယ် . . .။

'ကောင်းကောင်း' ဆိုတဲ့ ကလေးလေး တစ်ယောက်ရှိတယ် . . .။ သူက သူကြိုက်တဲ့ပစ္စည်းတစ်ခု တွေ့ရင် . . .

'ဒါလေး အရမ်းကောင်းတယ် . . .၊ ဒါပေမဲ့ ဈေးအရမ်းကြီးတယ် . . .၊ မဝယ်တော့ပါဘူး'

'ဒါလေး သားသား ကြိုက်တော့ ကြိုက်တယ် . . .၊ ဒါပေမဲ့ ဈေးများလို့ မယူတော့ပါဘူး'

လို့ သူ့ဖေဖေနဲ့ မေမေကို ပြောလေ့ရှိတယ် . . .။ လိုချင်ရက်နဲ့ ဇွတ်မတောင်းတဲ့ 'ကောင်းကောင်း' ကို သူ့ဖေဖေနဲ့ မေမေက သနားပြီး သူလိုချင်တာ အမြဲဝယ်ပေးလိုက်တာပါပဲ . . .။

သားတို့ သမီးတို့လည်း 'ကောင်းကောင်း' ကို နမူနာယူပြီး လိုချင်တာရှိရင် ဇွတ်မတောင်းဘဲ အားနာတဲ့စိတ်၊ မိဘ ပိုက်ဆံကုန်မှာ နှမြောတဲ့စိတ်နဲ့ တည်တည်

ငြိမ်ငြိမ် ဣန္ဒြေရရ နေတတ်ရမယ်နော် . . .။ တကယ်တော့ . . . မတောင်းလေ ချစ်လေ . . .၊ မတောင်းလေ ပေးချင်လေပါပဲကွယ် . . .။

'မင်းက မတောင်းရင် . . . တို့က . . . မင်းကို . . . ပေးချင်တယ်. . . ယူပါတော့. . . ရော့-ယူလိုက် . . . ရော့-ယူလိုက်' ဆိုတဲ့ သီချင်းစာသားကို သားတို့ သမီးတို့ ကြားဖူးကြတယ် မဟုတ်လား . . .။ မယူချင်ပါဘူးဆိုတဲ့ သူကိုမှ အတင်းပေးချင်တာ လူ့သဘာဝပါပဲကွယ်. . .။

သားတို့သမီးတို့အားလုံး အတောင်းအရမ်းမထူတဲ့ ပညာရှိ သူတော်ကောင်းလေးတွေ ဖြစ်ကြပါစေ . . . လို့ ဘုန်းဘုန်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ် . . .။ ။

မေတ္တာဖြင့်

**ဘုန်းဘုန်း**

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**

(ယဉ်ကျေးလိမ္မာဂျာနယ်၊ နိုဝင်ဘာ(၁)၊ ၂၀၀၅)

— — — — —



သားတို့ သမီးတို့ရေ . . .

တစ်ခါတုန်းက တိုင်းပြည်တစ်ပြည်မှာ 'ဖိုးခါး' ဆိုတဲ့ မင်းသားလေးတစ်ပါး ရှိသတဲ့။ သူ့ရဲ့ နာမည်ရင်းက ဖိုးခါး မဟုတ်ပေမယ့် သူ့ရဲ့ အပြောအဆိုက ကြမ်းတမ်းတဲ့ အတွက် နားခါးလွန်းလို့၊ သူ့ရဲ့ အပြုအမူက ရိုင်းစိုင်းတဲ့ အတွက် မျက်စိခါးလွန်းလို့ သူ့ကို ကွယ်ရာမှာ 'ဖိုးခါး' လို့ ခေါ်ကြတာတဲ့ကွယ်။ ရှင်ဘုရင်ရဲ့ သားဆိုတော့ သူ့ရှေ့မှာ တော့ ဘယ်ခေါ်ရဲကြပါ့မလဲ။

မင်းသားလေး ဖိုးခါးဟာ စကားပြောရင်လည်း ကြမ်းကြမ်းတမ်းတမ်း ပြောသတဲ့။ သွားပုံလာပုံ၊ နေပုံထိုင်ပုံ ကလည်း ရိုင်းရိုင်းပျပျနဲ့ ဘယ်သူ့ကိုမှ လူမထင်တဲ့ပုံစံမျိုး . . . ထောင့်မကျိုးဘူးတဲ့။ လူကြီးသူမတွေနဲ့ ပြောဆိုဆက် ဆံတဲ့နေရာမှာလည်း လူကြီး လူကြီးမှန်းမသိ၊ မောက် မောက်မာမာ ခက်ခက်ထန်ထန် ပြောဆိုဆက်ဆံတတ် သတဲ့။

ဖခင်ဘုရင်ကြီးက ဘယ်လိုပဲ ဆုံးမဆုံးမ၊ မင်း သားလေးက လုံးဝ ဂရုမစိုက်ဘူးတဲ့။ မှူးကြီးမတ်ရာတွေက

သွယ်ဝိုက်တဲ့နည်းနဲ့ စောင်းပါးရိပ်ခြည် သတိပေးလည်း မသိချင်ယောင်ဆောင်နေသတဲ့ကွယ်။

ဖခင်ဘုရင်ကြီးလည်း ကိုယ်ကိုယ်တိုင် ဆုံးမလို့ မရတော့တဲ့ အဆုံး . . . မင်းဥယျာဉ်မှာ ကျောင်းဆောက် ကိုးကွယ်ထားတဲ့ သူတော်စင်ရသေ့ကြီးကိုပဲ အပူကပ် အကူအညီတောင်းရတော့တာပေါ့။

'တပည့်တော်ရဲ့သား . . . အပြောအဆို သိပ် ကြမ်းပါတယ်၊ အပြုအမူ သိပ်ရိုင်းပါတယ်၊ တပည့်တော် ဘယ်လိုမှ ဆုံးမလို့ မရတော့ပါဘူး။ အရှင်ရသေ့ပဲ ဆုံးမ ပေးတော်မူပါ'

တစ်နေ့တော့ မင်းသားလေး ဖိုးခါး မြင်းရထား တစ်စီးနဲ့ ရသေ့ကြီး သီတင်းသုံးရာ မင်းဥယျာဉ်ထဲ ရောက် လာပါတယ်။ ထုံးစံအတိုင်း ကြမ်းတမ်းတဲ့အသံတွေနဲ့ ဆူဆူ ညံညံ ရောက်လာတာပေါ့။

'ဟေ့ကောင် . . . .၊ မြန်မြန်မောင်းပါဆိုနေမှ . . . ဘာကြောင့်နှေးတာလဲ'

'ဩော် . . . ဒီမြင်းစုတ်ကလည်း နှေးလိုက်မြန်

လိုက်နဲ့ အသွားကို မမှန်ဘူး . . .၊ သတ်ပြီး မြင်းသားပေါ် လိုက်ရမလား . . .၊ နာနာရိုက်ကွာ . . . နာနာရိုက်'

'ဟော့ . . . ဟော့ . . .၊ ဟိုရှေ့က အဘိုးကြီး . . .၊ လမ်းဘေး ဆင်းရှောင်လေ . . .၊ ဘယ်လိုဖြစ်နေတာလဲ . . .၊ လမ်းနားကပ်ပြီး နွေးတုံ့နွေးတုံ့နဲ့ သွားနေလိုက်တာ . . .၊ သေသွားချင်လို့လား . . .၊ အဲဒါတွေခက်တာပဲ'

မြင်းကို တရှမ်းရှမ်းရိုက်ရင်း ကြမ်းကြမ်းတမ်းတမ်း ဆဲဆိုဝင်ရောက်လာတဲ့ မင်းသားလေး ဖိုးခါးကို ရသေ့ကြီးက လှိုက်လှဲပျူငှာစွာ ကြိုဆိုနှုတ်ဆက်လိုက်ပါတယ်။

'ဩော် . . . မင်းသားလေးပါလား . . .၊ ဥယျာဉ်တော်ကို အလည်လာတာပေါ့နော် . . .၊ လာ . . . လာ . . .၊ မင်းသားလေး ရောက်တုန်းရောက်ခိုက် သစ်ပင်ပန်းပင်တွေ လိုက်ပြပါရစေ'

'အို . . . မလိုပါဘူး၊ ကိုယ့်ဘာသာကိုယ် သွားတတ်ပါတယ်'

'ဒါတော့ဒါပေါ့ကွယ် . . .၊ ဒါပေမဲ့ ကျွန်ုပ်ကိုယ်

တိုင် စိုက်ပျိုးထားတဲ့ အပင်လေးတွေလည်း ရှိသေးတော့ ကိုယ်တိုင်လိုက်ပြချင်တာပေါ့'

'ရသေ့ကြီးက တော်တော် လောကွတ်များတာပဲ . . .၊ ရသေ့ဘဝနဲ့တောင် ဒီလောက်ကြွားချင်နေရင် လူဝတ်နဲ့သာဆို ဘယ်လောက်များ အကြွားသန်လိုက်မလဲ . . .၊ ဟွန်း . . .၊ ကိုယ့်ဘာသာကိုယ် သွားတတ်ပါတယ် ဆိုမှ'

မင်းသားလေးက ဘယ်လိုပဲ ကြမ်းကြမ်းတမ်းတမ်း ပြောပြော ရသေ့ကြီးက စိတ်မဆိုးဘဲ . . .

'လာ . . . လာ . . . မင်းသားလေး . . .၊ ဒီဘက်လာ . . . ဒီဘက်လာ'

လို့ ရှေ့ကနေ ဦးဆောင်ခေါ်သွားသတဲ့။

မင်းသားလေးလည်း ရသေ့ကြီးရဲ့ မေတ္တာတန်ခိုးကြောင့် လိုက်ဖို့ မရည်ရွယ်ဘဲ နောက်ကနေ မယောင်မလည်နဲ့ လိုက်မိသွားပါတယ်။ ရသေ့ကြီး လိုက်ပြသမျှ၊ ပြောသမျှ စိတ်မပ့ါတပါနဲ့ ခေါင်းညိတ်ရင်း ကပ်ပါသွားတာပေါ့။

— — — —

တစ်နေရာအရောက်မှာတော့ . . .

တစ်ဖက်ကို တစ်ရွက်စီနဲ့ အရွက်နှစ်ရွက် ထွက်နေတဲ့ တမာပင်ပေါက်စလေးကို လက်ညှိုးထိုးပြီး ရသေ့ကြီးက . . .

'မင်းသားလေး . . .၊ ဒီအရွက်လေးတစ်ရွက် နည်းနည်းဝါးကြည့်ပါလား'

'ဘာလဲ . . .၊ ဒီအရွက်က အရသာ အရမ်းရှိလို့လား'

'ဝါးသာ ဝါးကြည့်စမ်းပါဦးလေ'

မင်းသားလေး အရွက်တစ်ရွက်ခူးပြီး ဝါးကြည့်လိုက်တယ်ဆိုရင်ပဲ . . .

'ထွီ . . . ခါးလိုက်တာ'

ချက်ချင်း ထွေးထုတ်ပစ်လိုက်ပြီး . . .

'ရသေ့ကြီး . . .၊ ဒီလောက်ခါးတဲ့ အပင်ကို ဘာလို့ စိုက်ထားရတာလဲ . . .၊ ဒီအရွယ် ငယ်ငယ်လေးနဲ့ ဒီလောက်ခါးနေရင် . . . ကြီးလာရင် ပိုခါးမှာပေါ့ . . .၊ ချက်ချင်းစား ချက်ချင်းသေနိုင်တဲ့ အဆိပ်ပင်ကြီးပဲ ဖြစ်လာ

မှာပဲ၊ လူတွေကို ကောင်းကျိုးပေးမယ့်အပင် မဟုတ်ဘူး . . .၊ လူတွေကို သေအောင် သတ်မယ့်အပင် . . . .၊ နုတ်ပစ်တာပဲ ကောင်းတယ် . . .၊ ကဲ . . .’

ပြောပြောဆိုဆို မင်းသားက တမာပင်ပေါက်စလေးကို ဆွဲနုတ်ပြီး လက်နှစ်ဖက်နဲ့ စိစိညက်ညက်ကြေအောင် အားရပါးရ ပွတ်ချေပစ်လိုက်သတဲ့။

ဒီအကွက်မြင်လို့ ဒီအကွက်ဆင်ခဲ့တဲ့ ရသေ့ကြီးလည်း အကွက်ဝင်ပြီဆိုတာနဲ့ . . .

‘မင်းသားလေးပြောတာ မှန်ပါတယ် . . .၊ အပင်ပေါက်စကတည်းက ဆိုးဆိုးဝါးဝါးခါးတဲ့ ဒီလိုအပင်မျိုးကို ဘယ်သူမှ မနှစ်သက်ကြပါဘူး . . .၊ အားလုံးက မုန်းတီးကြပါတယ် . . .၊ မင်းသားလေး အခုနုတ်ပစ်သလိုမျိုး နုတ်ပစ်ချင်ကြ၊ ဖယ်ရှားပစ်ချင်ကြတာချည်းပါပဲ’

‘ဒီအဖြစ်အပျက်ကလေးကို ဥပမာထားပြီး မင်းသားလေး အလေးအနက် စဉ်းစားကြည့်စေချင်ပါတယ် . . .၊ မင်းသားလေးကို တိုင်းသူပြည်သားတွေက အပြောအဆို ကြမ်းတမ်းတယ်၊ အပြုအမူ ရိုင်းစိုင်းတယ်၊ ကိုယ်အမူ

အရာ၊ နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှု မရှိဘူး၊ မာကြောတယ်၊ ခက်ထန်တယ်၊ မိဘစကား နားမထောင်ဘူး၊ လူကြီးသူမ မရိုသေဘူး၊ ကောင်းစေချင်လို့ ပြောဆိုဆုံးမတာတွေကိုလည်း လက်မခံဘူး . . . လို့ သိထားကြပါတယ်'

'ပွင့်ပွင့်လင်းလင်း ပြောရရင် . . . မင်းသားလေးကို အားလုံးက မုန်းတီးနေကြပါတယ် . . .၊ မျက်စိခါး၊ နားခါးလွန်းလို့ ကွယ်ရာမှာ မင်းသားလေးကို 'ဖိုးခါး' လို့တောင် ခေါ်နေကြပြီလေ . . .၊ ဒီ အရွယ်ငယ်ငယ်လေးမှာတောင် ဒီလောက်ဆိုးသွမ်းမိုက်မဲနေရင် . . ကြီးလာလို့ ရှင်ဘုရင်ဖြစ်ရင်တော့ တို့တိုင်းပြည်ပျက်စီးတော့မှာပဲ . .၊ တိုင်းသူပြည်သားတွေတော့ အကြီးအကျယ် ဒုက္ခရောက်တော့မှာပဲ . . . လို့ တွေးပြီး စိုးရိမ်ကြောက်လန့်နေကြပါတယ်'

'ဖြစ်နိုင်မယ်ဆိုရင် . . . မင်းသားလေး တမာပင်ကို နှုတ်ပစ်သလိုမျိုး . . . မင်းသားလေးကိုလည်း ခုကတည်းက အပြတ်ရှင်းပစ်ချင်နေကြပါတယ်'

'ဒီတော့ . . . အချိန်မနှောင်းသေးပါဘူး မင်း

သားလေးရယ် . . .၊ ဒီနေ့ ဒီအချိန်ကစပြီး မင်းသားလေး ရဲ့ ကြမ်းတမ်းရိုင်းပျတဲ့ အပြောအဆို၊ အပြုအမူတွေကို ပြုပြင်လိုက်ပါ . . .၊ ဘယ်သူနဲ့မဆို စကားကို ယဉ်ယဉ် ကျေးကျေး ပြောဆိုပါ . . .၊ ဘယ်သူ့အပေါ်မဆို ကိုယ် အမူအရာ နူးညံ့သိမ်မွေ့ပါစေ . . .၊ မိဘစကားလည်း နားထောင်ပါ . . .၊ လူကြီးသူမတွေကိုလည်း ရိုသေပါ’

‘ကိုယ့်ထက်ကြီးသူအားလုံးကို ရိုသေကိုင်းရှိုင်းစွာ ချစ်ခင်ပါ . . .၊ ကိုယ်နဲ့ရွယ်တူအားလုံးကို လေးစားမြတ်နိုး စွာ ချစ်ခင်ပါ . . .၊ ကိုယ့်အောက်ငယ်သူ အားလုံးကို သနားကြင်နာစွာ ချစ်ခင်ပါ။ ‘ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား’ ဆိုတဲ့အတိုင်းပေါ့’

‘လိုရင်းအနှစ်ချုပ်ကတော့ . . . သည်းခံခွင့်လွှတ် ခြင်း ခန္တီတရား၊ ချစ်ခင်ကူညီခြင်း မေတ္တာတရား၊ နားလည် စာနာခြင်း ကရုဏာတရား . . . ဆိုတဲ့ ‘ခန္တီ၊ မေတ္တာ၊ ကရုဏာ’ သူတော်ကောင်းတရား သုံးပါးကို လက်ကိုင်ထား ပြီး အားလုံးစိတ်ချမ်းသာအောင်၊ အားလုံး ကောင်းကျိုးဖြစ် အောင် ယဉ်ကျေးလိမ္မာစွာ ရာသက်ပန် နေထိုင်ကျင့်သုံး

သွားဖို့ပါပဲ မင်းသားလေးရယ်'

'တပည့်တော် သဘောပေါက်ပါပြီ အရှင်ရသေ့ကြီးဘုရား . . .၊ ဒီနေ့ ဒီအချိန်ကစပြီး အရှင်ရသေ့ကြီးဘုရား ဆုံးမတဲ့အတိုင်း ခန္တီ၊ မေတ္တာ၊ ကရုဏာတရားတွေနဲ့ ယဉ်ကျေးလိမ္မာစွာ ရာသက်ပန် နေထိုင်ကျင့်သုံးသွားပါတော့မယ်ဘုရား'

'သာဓုပါကွယ် . . . သာဓု . . . သာဓု'

မင်းသားလေးလည်း ရသေ့ကြီးရဲ့ 'ယဉ်ကျေးလိမ္မာဂါထာနယ်' ဖတ်ပြီးတဲ့အချိန်က စပြီး . . . အဲလေ . . . 'ယဉ်ကျေးလိမ္မာတရား' နာပြီးတဲ့အချိန်က စပြီး ယဉ်ကျေးလိမ္မာတဲ့ သူတော်ကောင်းလေးဖြစ်သွားတော့သတဲ့။ အပြောချို အလုပ်ချိုလာတဲ့ မင်းသားလေးကို တိုင်းသူပြည်သားတွေကလည်း 'ဖိုးခါး' လို့ မခေါ်ကြတော့ဘဲ 'မင်းသားလေးဖိုးချို' လို့ပဲ ချစ်မြတ်နိုးစွာ ခေါ်ကြတော့သတဲ့ကွယ်။

သားတို့ သမီးတို့ရေ . . .

သားတို့ သမီးတို့ နေမကောင်းတဲ့အခါ ဆေးစားဖူးကြတယ် မဟုတ်လား . . .။ ခါးတဲ့ဆေးနဲ့ ချိုတဲ့ဆေး

. . . ဘယ်ဆေးစားချင်လဲ . . .၊ ဟုတ်တယ် . . . ချိုတဲ့ဆေးပဲ စားချင်တာပေါ့ . . .။

နေကောင်းပေမယ့်လည်းပဲ အားပိုရှိအောင်၊ အရပ်ပိုထွားအောင်၊ ဉာဏ်ပိုကောင်းအောင် ဆိုပြီးတော့ အားဆေးတွေလည်း စားကြတယ် မဟုတ်လား . . .။ ခါးတဲ့အားဆေးနဲ့ ချိုတဲ့အားဆေး . . . ဘယ်အားဆေးစားမလဲ . . .။ ဟုတ်တယ် . . . ချိုတဲ့အားဆေးပဲ စားမှာပေါ့. . .။

ခါးသက်တဲ့အရာတွေကို လူတွေက ရွံရှာမုန်းတီးကြပြီး ချိုမြိန်တဲ့အရာတွေကိုတော့ လူတွေက ချစ်ခင်နှစ်သက်ကြပါတယ် . . .။

သားတို့ သမီးတို့ အပြောအဆို ချိုသာမယ် . . .၊ အပြုအမူ ယဉ်ကျေးမယ်ဆိုရင် ချိုသာယဉ်ကျေးတဲ့ သားတို့ သမီးတို့ကို ကြားသူ၊ မြင်သူတိုင်းက အရမ်းချစ်ခင်ကြမှာပါ။ မိဘ၊ ဆွေမျိုး၊ ဆရာသမားများနဲ့တကွ သူငယ်ချင်းအပေါင်းအသင်းများ အပါအဝင် ပတ်ဝန်းကျင်က ချစ်ခင်ကြပြီဆိုရင် သားတို့ သမီးတို့ရဲ့ဘဝ အစစအရာရာ အဆင်ပြေပြီး ကြီးပွားတိုးတက်ပြီပေါ့ကွယ် . . .။

— — — —

သားတို့ သမီးတို့အားလုံး အပြောလည်းချို အလုပ်လည်းချို ပြီးတော့ . . . စိတ်နေစိတ်ထားလည်း ချိုတဲ့ ပညာရှိသူတော်ကောင်း ဖိုးချို မချိုလေးတွေ ဖြစ်ကြပါစေ . . . လို့ ဘုန်းဘုန်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ် . . . ။

မေတ္တာဖြင့်
**ဘုန်းဘုန်း**
**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**
(ယဉ်ကျေးလိမ္မာဂျာနယ်၊ နိုဝင်ဘာ(၁၅)၊ ၂၀၀၅)



မေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။



အရှင်ဆန္ဒာဓိက . . . . . . . . . . . . .

# ရွှေပါရမီလက်ကမ်းစာစဉ်

ဤစာအုပ်နှင့် ဤစာအုပ်ကဲ့သို့သော
လက်ကမ်းစာအုပ်ငယ်များကို
ဓမ္မဒါန ပြုလုပ်လိုပါက
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တက်လမ်းဆောက်လုပ်ရေးအဖွဲ့**
အမှတ်(၆၁)၊ စဥ္စအိုးတန်းလမ်း(အောက်)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၁၀၄၆၂၊ ၂၂၆၅၀၀။

[ပြင်ပစာအုပ်ဆိုင်များတွင် လုံးဝ ရောင်းချခွင့် မပြုပါ။
ဓမ္မဒါနသက်သက်အတွက်သာ စီစဥ်ပေးခြင်း ဖြစ်ပါသည်။]

ကလေးများအတွက် အထူးစီစဉ်ထားသော

ကလေး၊ လူငယ်၊ လူရွယ်၊ လူကြီးမရွေး

ဖတ်ရှုသင့်သော

# ယဉ်ကျေးလိမ္မာ

ဓမ္မရသကလေးဂျာနယ်

အပတ်စဉ် အင်္ဂါနေ့တိုင်း

ထွက်ရှိနေပါပြီ။

အပ္ပမာဒစာစဉ်ကစီစဉ်ထုတ်လုပ်သည်။

အရှင်ဆန္ဒာဓိက ..............

ဓမ္မဒါနကုသိုလ်ရှင်

